# အဲမွန်တာရာ
# လမင်းကကြိုး

ဝတ္ထုတို - ဆဲဗင်း၊ ဆိုလိုရှိုး



# စာရေးသူရဲ့ အမှာ

## ၁

သိပ္ပံဝတ္ထု.....သိပ္ပံဝတ္ထု.....နှုတ်က အရသာခံ မာန်ဝင့်ပြောကြားနေသော်ငြား မိမိကိုယ်ကိုယ် လိပ်ပြာသန့်လှသည်တော့ မဟုတ်ပါ။ သိပ္ပံဝတ္ထုဟူသည် အတိတ်ကာလဟောင်းအတွက် အချက်အလက် တိကျမှန်ကန်ကာ အနာဂတ်မျှော်မှန်းမှု ဖြစ်နိုင်ချေ နီးနိုင်သမျှနီးစေရန် ခေတ်ကို မျက်ခြေပြတ်မခံတတ်သောကြောင့် ဖြစ်ပါ၏။ ရုပ်နှင့်နာမ် တူပြိုင်ပြိုင် မကူးခတ်နိုင်လျှင် သိပ္ပံဝတ္ထု တစ်ဖက်ကမ်းသို့ ကမ်းကပ်နိုင်မည်မထင်ပါ။

ကျွန်တော်ကား သိပ္ပံဝတ္ထုတို့များကို ကြိုက်နှစ်သက်လွန်းသဖြင့် အချက်အလက်လေ့ပေါက် စိတ်ကူးကယောက်ကယက်ဖြင့် ရောက်လိမ့်နိုးကူးခတ်နေသူ တစ်ယောက်မျှသာ။

## ၂

စွယ်စုံရ ဂန္ထဝင်ပါရမီရှင်ကြီးများကို အားကျကာ ဖြစ်လာလိမ့်နိုးဖြင့်....စာရေး ၊ ကဗျာရေး ၊ သီချင်းရေးနေခြင်း လုံးဝ မဟုတ်ရပါ။ စာရေးသူ ကိုယ်တိုင်က ၁၂ မျိုး ချင်းသုပ် နှစ်သက်သူ ဖြစ်သဖြင့် နယ်စုံပယ်စုံမှ ပညာသည်မျိုးစုံ၊ သုတရသများ ဆုံဆည်းကြုံကြိုက်သွားလိုသဖြင့် ဤတစ်ဘဝ တစ်ကိုယ်ရေ ရင်းစားလိုက်ရခြင်း ဖြစ်ပါသည်။ မိမိမှာရသစုံ

နှစ်သက်သူ ဖြစ်သဖြင့် စာဖတ်သူများကိုလည်း ရသစုံပေးစိမ့်ခြင်းငှာ ယခု ဝတ္ထုတိုစုစည်းမှုတွင် သိပ္ပံ ၊ တစ္ဆေ ၊ စစ် ၊ စိတ္တဇ...စသည်ဖြင့် ရသရောင်စုံ စီစဉ်တင်ဆက်လိုက်ရပါသည်။ (တစ်ဖက်က စာဖတ်သူများအတွက် လေးပင်အာရုံနောက်မည်စိုးသဖြင့် မဂ္ဂဇင်းအချို့တွင် ဖော်ပြပြီးဖြစ်သော ဗုဒ္ဓစာပန်းချီ၊ ခေတ်သစ်ပုံပြင်၊ သည်းနုငယ်ချစ်နှင့်ကျောက်ခေတ်) ဝတ္ထုတိုအချို့ကို ချန်လှပ်ထားခဲ့ပါသေးသည်။ စာရေးသူ၏ ဝတ္ထုတို ဆိုလိုရိုး လေ့ပေါက်ရွက်ဖာသည်ကား တက်ကျိုးသော်လည်း ဘာမှန်းမသိသော ရောင်စုံအလံကို တလူလူ လွှင့်လျက်သာ....

၃

ကမ္ဘာကြီးကား....မငြိမ်းချမ်းသေး။

မိမိကား....ပိုဆိုးပါ၏။

မည်သို့ပင် ဆိုစေကာမူ...ငြိမ်းချမ်းပါစေ။

အဲမွန်တာရာ

၁၁-၁၂-၂၀၁၆

*



# နတ်သက်ကြွေကျ သူယောင်မ

## ၁

ပတ်ဝန်းကျင်၏ ပကတိ ရာသီဥတု အခြေအနေမှန်သည် ပူပြင်းခြောက်သွေ့လွန်းလှသော နွေဖြစ်သည်။ သိပ္ပံနည်းပညာဝန်ကြီးဌာန၊ အငြိမ်းစား ပါမောက္ခကြီး၏ အိမ်ရှေ့ပန်းဥယျာဉ်ထဲမှာတော့ နှင်းမှုံကလေးတွေ တဖွဲဖွဲ ကျနေ၏။ နှင်းစိုလိပ်ပြာကလေးများကလည်း ပန်းကလေးတွေနှင့် ချစ်တမ်းကစားနေကြသည်။

ပါမောက္ခကြီးမှာ ဇီဝနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဒေါက်တာဘွဲ့ ရထားသူမို့ သူ့အိမ်ရှေ့ပန်းခြံကို နွေ မိုး ဆောင်း ပြောင်းလဲနိုင်သော ဖန်လုံဥယျာဉ်အဖြစ် ဖန်တီးတည်ဆောက်ထားလေသည်။ ပါမောက္ခ အငြိမ်းစားယူခဲ့သည်မှာ လပိုင်းမျှပင် ရှိပါသေးသည်။ အငြိမ်းစားယူခဲ့သော်ငြား တာဝန်ထမ်းဆောင်စဉ်က မပြီးပြတ်သေးသော စီမံကိန်းများ၊ ဆုံးဖြတ်ပေးရမည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကိုတော့ ဆက်လက်အကြံပြုနိုင်စေရန် ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ် ဌာနက ဆက်လက်ခန့်ထားခဲ့သည်။

"ဖေဖေ၊ ဘာတွေများ စဉ်းစားနေတာတုန်း။ အပြင်မှာ သိပ်အေးနေပြီ၊ အိမ်ထဲဝင်တော့နော်။ သမီး ကော်ဖီ ပူပူလေး ဖျော်ထားတယ်"

သမီးဖြစ်သူ ပိတောက်ဝါ သူ့အနားရောက်လာသည်ကိုပင် သူမသိလိုက်။ သူတစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားရင်း နှင်းတော

ထဲမှာ အချိန်ကြာသွားခဲ့သည်။ သမီးက သူ့ကို အကြင်နာမျက်ဝန်းအစုံဖြင့် ပြုံးပြုံးကြီး စိုက်ကြည့်နေ၏။ သမီးက သူ၏ ခေါင်းအညိတ်ကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။ ပိတောက်ဝါက သူ၏ တစ်ဦးတည်းသောသမီး ဆိုသော်လည်း နွဲ့ဆိုးမဆိုး။ သူ့အပေါ် အစစအရာရာ နားလည်သိတတ် ဂရုစိုက်သည်။ လမ်းမလျှောက်နိုင်သော ဒုက္ခိတမုဆိုးဖို ဖခင်ကြီးအား ဖခင်ကိုယ်တိုင် မောင်းနှင်နိုင်သော ဘီးတပ်ကုလားထိုင် ရှိသော်ငြား ပစ်မထားခဲ့ပေ။ မျက်စိအောက်က အပျောက်မခံဟု ဆိုရလောက်အောင်ပင် ဖခင်ကြီးအပေါ် ချေးသေးကလူ ဂရုစိုက်သည်။

သူ့သမီးကို တုံ့ပြန်ပြုံးပြ ခေါင်းညိတ်ကာ ဘီးတပ်ကုလားထိုင် ခလုတ်ကို မင်းချူရယ်သို့ ပြောင်းလိုက်သည်။ သမီးက ဗိုးချဲကို ကိုယ်တိုင် တွန်းကာ အိမ်ရှိရာသို့ ပြန်လည် ခေါ်ဆောင်သွားတော့သည်။

## ၂

“ဖေဖေ … ညက အိပ်ဆေးသောက်ရဲ့သားနဲ့ မနက်ကျတော့လည်း အစောကြီး နိုးနေပြန်ပြီ။ ဒီအတိုင်းဆို သမီး ဆရာဝန်နဲ့ပြဖို့ ရက်ချိန်းယူလိုက်ရမလား ဖေဖေ …”

သူ … သောက်လက်စ ကော်ဖီပန်းကန်ကို ကပျာကယာ ချလိုက်ကာ ….

“ရပါတယ် သမီး။ ခုရက်ပိုင်းအတွင်းမှာ ဆုံးဖြတ်ပေးရတော့မယ့် ကိစ္စတစ်ခုက စိတ်ဖိစီးလာလို့ပါ။ လူသားတစ်ရပ်လုံးအတွက် ဆုံးဖြတ်ပြီး ဆန္ဒမဲပေးရာမှာ ဖေဖေ တစ်ယောက်တည်းတော့ မဟုတ်ပါဘူးကွယ်။ ကမ္ဘာပေါ်က တော်ဝင်သိပ္ပံ နည်းပညာရှင် အကျော်အမော် ၁၀၀ တို့ကလည်း သဘောထား ဆန္ဒမဲပေးကြရမှာပါ။ သူတို့လည်း ဖေဖေ့လို

ပဲ ဆုံးဖြတ်ရခက်ပြီး အိပ်ပျော်နိုင်ကြမယ် မဟုတ်ဘူး”

“ရိဘော့ မြန်မာ ၂၀၂၈ ကိစ္စ မဟုတ်လား ဖေဖေ ...”

“ဒါပေါ့ သမီးရယ်။ စက်ရုပ်တွေကို လူသားတွေအတွက် အကျိုးပြု ကူညီနိုင်ဖို့ဆိုတာကို ဖေဖေ ကြိုဆိုလက်ခံတယ်။ ဝမ်းပန်းတသာလည်း ဝိုင်းဝန်းကူညီပေးခဲ့တယ်။ ဒါပေမဲ့ စက်ရုပ်တွေကို ဇီဝအင်ဂျင်နီယာ အတတ်နဲ့ လူသားတစ်ပိုင်း၊ စက်ရုပ်တစ်ပိုင်း ဖန်တီးပြီး လူသားအခွင့် အရေး ဟူးမင်းရိုက်ချ် အဆင့်နီးပါး တောင်းဆိုလာတာကျတော့ တာဝန် အများကြီး ကြီးမားလာတယ်သမီး။ ဒီကိစ္စ ဖေဖေရုံးမှာ ဒီကနေ့ ဆုံးဖြတ်ချက်မဲ ဆန္ဒပေးရတော့မယ် ...”

ပါမောက္ခတို့ခေတ်၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ သိပ္ပံပညာသည် အတိုင်းအဆမဲ့ တိုးတက်လာခဲ့ပြီ ဖြစ်သည်။ သို့သော် နာမ်ပိုင်းဆိုင်ရာနှ င့် လူသားများ၏ ကျင့်ဝတ် စည်းကမ်းလိုက်နာနိုင်မှုတို့မှာမူ သိပ္ပံပညာ၏ တိုးတက်မှုနှုန်းနှင့် ဟန်ချက်ညီစွာလိုက်ပါ တိုးတက်နိုင်မှု အလွန်တရာ နှေးကွေး လေးလံနေသော အခြေအနေမျိုး ဖြစ်နေ သေး၏။ ထိုအခါ သိပ္ပံပညာသည် ကြောက်စရာကောင်းလာ၏။ သိပ္ပံပညာ၏ ကြောက်စရာကောင်းပုံကို သိပ္ပံပညာရှင်နှင့် သမိုင်း သုတေသီတို့သာ သိကြ၏။ ရံဖန်ရံခါ သိပ္ပံပညာ၏ တစ်ရက် တစ်မနက် တိုးတက်မှု တစ်ဆစ်ချိုးသည် သာမန် နှစ်ကာလများ နှစ် ၁၀၀၊ ၁၀၀၀ နှင့် ညီမျှသောကြောင့်ပေတည်း။

“သမီးအနေနဲ့ကတော့ ... ဖေဖေ ဆုံးဖြတ်နိုင်ဖို့ အရေးမှာ အကူအညီ ပေးဖို့ ဉာဏ်မမီပါဘူး ဖေဖေ ...။ ဒါပေမဲ့ ... ရိဘော့မြန်မာ ၂၀၂၈ တွေရဲ့ ဖန်တီးရှင် ဒေါက်တာဦးဇီဝစက္က ကိုယ်တိုင်က သူ့စက်ရုပ်တွေကို တိုင်း ပြုပြည်ပြု လူသားအကျိုးပြုဖို့ ရည်ရွယ်ထုတ်လုပ်ထားတဲ့အကြောင်း၊

သူ့စက်ရုပ်တွေက အဖျက်အမှောင့် လုပ်ငန်းတွေ လုပ်ကိုင်ခဲ့ရင် အဝေးထိန်းခလုတ်တွေနဲ့ ဖောက်ခွဲဖျက်ဆီးပစ်ဖို့ စက်ရုပ်တွေထဲမှာ ဒီတိုနေတာတွေ တပ်ဆင်ခဲ့ပေးပြီး ဖြစ်တယ်လို့ အာမခံချက် ပေးပြီးသားပဲ ဖေဖေ ...”

“ဟုတ်ပါတယ် ။ ဦးဇီဝစက္ကနဲ့ ဖေဖေလည်း ကျောင်းနေဖက်သူငယ်ချင်းတွေပါ။ ဘွဲ့လွန်ပညာတွေ ယူပြီးတော့ သူက စက်ရုပ်ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတစ်ခုဆီရောက်၊ ဖေဖေက နိုင်ငံဝန်ထမ်းဘဝနဲ့ ဝေးသွားခဲ့ကြတာ။ ခုတော့ ... သူက သူ့စက်ရုပ်ရဲ့ စွမ်းပကားဟာ လူသားနဲ့ အတူတူနီးပါးပါ။ လူသားနဲ့ တန်းတူနီးပါး အခွင့်အရေးမျိုးလည်း ရပါပြီဆိုတဲ့ နိုင်ငံတော်ရဲ့ အသိအမှတ်ပြု လက်မှတ်ကို လိုချင်တာ ...။ အဲဒီ လက်မှတ်ကို ခုတုံးလုပ်ကြော်ငြာပြီး သူ့စက်ရုပ်တွေ ရောင်းအားမြှင့်ချင်တဲ့ လောဘ ဆန္ဒတစ်ခုတည်းနဲ့တော့ လူသားနဲ့ တန်းတူ အခွင့်အရေး တောင်းခံတာမျိုး မဖြစ်သင့်ဘူးလို့ ဖေဖေ တွေးဆနေမိတာပါ”

“တကယ်တော့ ... ဖေဖေတို့ လူသား လောကကြီးမှာတင် အတော်ထိန်းမနိုင်သိမ်းမရ ရှုပ်ထွေးပွေလီလွန်းလှပြီ မဟုတ်လား သမီးရယ်။ ဘာသာတရား အမျိုးမျိုးရဲ့ အထိန်းအကွပ်။ ကိုယ်ကျင့်တရားဆိုင်ရာ လူမှုရေး ပညာရှင်တွေရဲ့ ပြည်သူ့နီတိတွေ ကြားထဲကကိုပဲ သွေးချောင်းစီး စစ်ပွဲတွေ ဘယ်မှာ ငြိမ်းအေး ရပ်တံ့နိုင်သေးလို့လဲ။ ပြီးတော့ ... ကမ္ဘာကြီးပေါ်က ရှိပြီးသား လူသားဘဝတွေမှာကိုပဲ လူသားအခွင့်အရေး အပြည့်အဝ မရနိုင်ရှာတဲ့ လူသားတွေ တစ်ပုံတစ်ပင် ရှိနေသေးတယ် မဟုတ်လားသမီး။ အဲဒီတော့ ...

“ဖေဖေတို့ရဲ့ မပြည့်စုံသေးတဲ့ လူ့လောကကြီးထဲကို အဲဒီ စက်ရုပ်

တွေက လူရာထပ်ဝင်လာဦးမယ်ဆိုရင် မြွေပူရာကင်းမှောင့် ထပ်ရှုပ်ကုန်တော့မှာပေါ့ သမီးရယ် ....”

သမီးလုပ်သူက သူ့အဖေ ချထားသော ကော်ဖီ ပန်းကန်လေးကို ပြန်ယူကာ ပေါင်မုန့်မီးကင် ထောပတ်သုပ်ကလေးကို ယုယကြင်နာစွာ ခွံ့ပေးလာလေသည်။ ကော်ဖီပူပူကလေးကိုလည်း ပန်းကန်ပြားတွင် ငှဲ့ကာ သူ့အဖေကို တိုက်ရှာသည်။ ပြီးတော့ ကမ္ဘာ့ကွန်ရက် သတင်းတွေ သူကြည့်ရသမျှ သူ့အဖေကို သတင်းအချက်အလက် မျှဝေ၏။

“ဖေဖေ ...။ ဦးဇီဝစက္ကတို့ရဲ့ လောက နိဗ္ဗာန်ကုမ္ပဏီကြီးက အခုနောက်ဆုံးထွက်တဲ့ ရိုဘော့မြန်မာ ၂၀၂၈ မော်ဒယ်ဟာ စက်စွမ်းရည်မြင့်ပြီး လူသားသိပ်ဆန်တာပဲဆို။ နွေးထွေးသန့်စင်တဲ့ မိဘနဲ့ သားသမီးမေတ္တာ ၅၂၈ ရော ပူလောင်ပြင်းထန်တဲ့ ကိလေသာ ၁၅၀၀ အချစ်ရော ခံစားသိတတ်နိုင်အောင် စုပေါင်းဖန်တီးထားလို့ သူ့မော်ဒယ်နံပါတ်ကို ချစ်ခြင်းအသစ် ၂၀၂၈ လို့ နာမည်ပေးထားတာတဲ့။ ပြီးတော့ ... သူတို့ရဲ့ ဦးနှောက်(မယ်မိုရီ ဆားကစ်) ထဲမှာ ဘာသာရေး အဆုံးအမတွေ၊ လူမှုရေး နီတိနဲ့ တရားမမှုပြစ်မှုဆိုင်ရာ ဥပဒေတွေ ထည့်သွင်းစီမံထားလို့ လူ့ဘောင်ကို ကူညီမယ့်သူများလို့တောင် ကမ္ဘာ့ဈေးကွက်မှာ ကြော်ငြာနေကြတယ် ဖေဖေ ...”

ပါမောက္ခကြီးမှာ ဝေခွဲရခက်စွာပင် သူ့သမီးလေး၏ မျက်နှာကို ငေးကြည့်နေမိရှာ၏။ သမီးကလေးမှာ သူ့အပေါ်တွင် သံယောဇဉ် ကြီးမားလွန်းလှပါ၏။ သားသမီးတို့၏ ဝတ္တရားလည်း တစ်ခါဖူးမျှ မပျက်ယွင်းခဲ့ဘူး။ ခင်ပွန်းဖြစ်သူ နိုင်ငံခြားသို့ အလုပ်သွားလုပ်နေသည်ကိုပင် ဖခင်ဖြစ်သူကို စိတ်မချနိုင်သဖြင့် လိုက်ပါမသွားခဲ့သော သူကလေး ဖြစ်ပါ၏။

ထိုစဉ် ... သမီးဖြစ်သူ၏ လက်မှ သတိပေးမှတ်သားစက်ကလေးက

အချက်ပေး ခေါင်းလောင်းသံ ထွက်ပေါ်လာ၏။ သမီးဖြစ်သူက သတိပေးမှတ်သားစက် ဒိုင်ခွက်ကို ကြည့်ကာ ...

"ဖေဖေ့ ရုံးကြိုကား ရောက်လာတော့မှာမို့ အချက်ပေးတာပဲ ဖေဖေ။ နောက်ထပ် ၁၅ မိနစ်ဆို သူတို့ရောက်လာကြတော့မှာ"

"ရိုဘော့ ကိစ္စတော့ ဖေဖေ့ဆန္ဒ သဘောထားအတိုင်းပဲ ဆုံးဖြတ်ခဲ့ပါ ဖေဖေ။ ဖေဖေက အသက်အရွယ်၊ ဉာဏ်ပညာ အစစ အရာရာ ပြည့်စုံတဲ့၊ သမီး အမြဲဂုဏ်ယူနေရတဲ့ လူသားစစ်စစ် ဖေဖေပါ။ ရိုဘော့ ဆိုတာက လူသားတွေအတွက် ပေးဆပ်ဖို့ လူသားတွေ စက်နဲ့လုပ်ထားတဲ့ အရုပ်ပါပဲ ဖေဖေ ..."

## ၃

သမီးဖြစ်သူက ပါမောက္ခကြီး စားသောက်ထားသော ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းရင်း ...

"ဖေဖေ သမီးပန်းကန်တွေ ဆေးကြော သိမ်းဆည်းလိုက်ဦးမယ်။ ဖေဖေ အခန်းက ပြန်စောင့်နော်။ ရုံးကကား လာကြိုအမီ ဖေဖေ့ကို အဝတ်အစားလဲပေးဖို့ သမီး အမြန်ပြန်လာခဲ့မယ် ...."

ပါမောက္ခကြီးက သူ့ဝှီးချဲလေးကို စက်ဖွင့် မောင်းနှင်ကာ သူ့အခန်းသို့ သူပြန်လာခဲ့၏။ သူ့အခန်းသို့ မရောက်မီ ... သမီးအခန်းကို ဖြတ်အကျော် ... သမီး၏ အခန်းထဲမှာ တယ်လီဖုန်းခေါ်သံ ကြားရလေ၏။

ပါမောက္ခကြီးသည် ဝှီးချဲကို ဘရိတ်အုပ် ... နောက်ပြန်ဆုတ်ကာ သမီးအခန်းထဲသို့ မောင်းဝင်လာခဲ့တော့သည်။ စားပွဲပေါ်တွင် ရိုန်းတုန်းမြည်နေသော တက်ဗလက် ဖုန်းကလေးအား သူလှမ်းမယူတော့ ဖုန်း

လိုင်း ပြန်ကျသွားမည်စိုးသဖြင့် လက်ခံ ခလုတ်ကိုသာ ဗိုးချဲပေါ်မှ ထိုင်ရာမှမထ လှမ်းနှိပ်လိုက်ရ၏။ ရုပ်မြင်သံကြား ဖုန်းပြောစနစ်ဖြစ်သော်လည်း တစ်ယောက်မျက်နှာ တစ်ယောက်မမြင်ရသေးမီ တစ်ဖက်မှ စကားသံက အလျှင်ထွက်ပေါ်လာလေ၏။

"ငုဝါ ...။ ဖေဖေ နေကောင်းရဲ့လား ...။ ဆရာဝန်ပေးတဲ့ အိပ်ဆေးနဲ့ အဆင်ပြေရဲ့လားလို့ပါ။ ငါကတော့ ဒီမှာ သားသား လူထွတ်နဲ့ သူ့အဖေ ဝေယျာဝစ္စနဲ့တင် ရှုလည်နေပြီဟာ။ လုံးဝကို မအားလို့ နင့်ကိုလည်း ကျေးဇူးတင်ပါတယ် ငုဝါရယ်။ နင် ဖေဖေကို ဂရုစိုက်ပေးတဲ့အတွက် ငါ ပြန်လာရင် အကောင်းဆုံးလက်ဆောင်တစ်ခု ... နင် ဘာယူမလဲပြော ..."

ပါမောက္ခကြီး အံ့ဩထိတ်လန့်သွားတော့သည်။ တစ်ဖက်မှပြောနေသော အသံသည် သူ့သမီး ပိတောက်ဝါ၏ အသံနှင့် (သူသာ နားကြားမလွဲခဲ့လျှင်) လုံးဝနီးပါး ဆင်တူနေ၏။ ထိုအသံရှင်က သူ့သမီး ပိတောက်ဝါကို ငုဝါဟု ခေါ်နေလေပြီ။ သူသည် ပိတောက်ဝါ၏ ဖခင် အရင်း။ ပိတောက်ဝါသည် သူ၏တစ်ဦးတည်းသော သမီး။ ပိတောက်ဝါကို မွေးခဲ့စဉ်က နောက်တစ်ယောက် အမွှာကိုလည်း မွေးဖွားခဲ့သည် မဟုတ်။ ပိတောက်ဝါတို့ မေမေသည် ပိတောက်ဝါကို မွေးပြီးပြီးချင်း ဆုံးပါးသွားခဲ့သည်မှာ သူ၏ မျက်မြင်ကိုယ်တွေ့။

"ဟဲ့ ... ငုဝါ။ နင်လည်း ငါမေးတာကို အင်းမလုပ် အဲမလုပ်နဲ့။ အိပ်ပျော်နေလို့ အိပ်ချင်မူးတူးများ ဖြစ်နေသလားဟယ်။ နင့် မျက်နှာကို ပြစမ်း။ တက်ဗလက်နဲ့ အပ်လိုက်စမ်း"

ပါမောက္ခကြီးက တက်ဗလက် မျက်နှာပြင်နှင့် သာ၍ ဝေးရာသို့ သူ့မျက်နှာကို ရှောင်လိုက်သည်။ တစ်ဖက် ဖုန်းပြောသူ၏ မျက်နှာကို သူ

လှမ်းကြည့်ချင်သော်လည်း သူ့မျက်နှာကို တစ်ဖက်လှည့်သွား၍ မဖြစ်သေး။ ရှုပ်ထွေးနေသည့် ဇာတ်ထုပ်ကို သူဖော်ထုတ်လိုသေးသည်။

"အေးလေ ...။ ငါ တောင်းပန်ပါတယ်ဟာ ...။ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ဖေဖေ့ကို ဂရုစိုက်ပေးပါ။ သားသား သုံးနှစ်ပြည့်ဖို့ သုံးလပဲ လိုတော့တာ။ အဲဒီအခါကျရင် သားသားကို သူ့အဖေနဲ့ထားပြီး နင်နဲ့ ဂျူတီလာချိန်းမှာပါ။ နင်လည်း အဲဒီအခါကျမှ ရည်းစားလေး ဘာလေးရှာတွဲ ..."

ထိုစဉ် ... ချွတ်ခနဲ အသံကြားသဖြင့် ပါမောက္ခကြီးအနောက်သို့ လှည့်ကြည့်လိုက်လေ၏။ သူမသည် ပါမောက္ခကြီးကို တစ်လှည့်၊ တက်ဗလက်လေးကို တစ်လှည့် မှင်တက်စွာ ငေးကြည့်နေပါ၏။ သူမသည် သူ့သမီးအစစ် ပိတောက်ဝါလား။ တစ်ဖက်ဖုန်းထဲမှ မိန်းကလေးပြောသည့် ငုဝါဆိုသော မိန်းကလေးလား။

ပါမောက္ခကြီး တွေဝေစဉ်းစားဆဲ ထိုသူမသည် သူ့ထံသို့ ပြေးလာကာ စားပွဲပေါ်မှ တက်ဗလက်လေးကို ပြေးယူရန် ကြံစည်တော့သည်။ ပါမောက္ခကြီးက ဦးအောင် ဆွဲယူလိုက်ကာ တက်ဗလက်ပြားကို ရင်ခွင်မှာ အပ်ထားလိုက်တော့သည်။ တက်ဗလက်ပြားကလည်း အသံဆက်၍ ထွက်နေဆဲ ...

"ဟေ ...။ ဘာတွေဖြစ်နေကြတာတုန်း။ ကောင်မ။ အဖေ တစ်ခုခုဖြစ်ရင်တော့ နင့်ကိုငါသတ်မှာနော် ...။ နင့်လက်ထဲ ငါ့အဖေကို အပ်တုန်းက အောရောင်း မက်ဒီကယ်(လ်)ချက်အပ်လုပ်ပြီး ရောဂါမရှိ၊ ကျန်းကျန်းမာမာ မှတ်တမ်းမှတ်ရာနဲ့ အပ်ခဲ့တာ။ ခုနင့်လက်ထက်ကျမှ သွေးချိုဆီးချို အစပျိုးလာတာ။ သူ အချိုကြိုက်လည်း နင် ချော့မော့ပြောပေါ့ဟယ်။ ငါ့ချစ်ညီမလေးက ပြောတတ်ပါတယ် ဟယ်..."

ပါမောက္ခကြီးက တက်ဗလက်လေးကို ခလုတ်ပိတ်ကာ သမီးဖြစ်သူသို့မဟုတ် ငုဝါကို စိမ်းစိမ်း စိုက်ကြည့်နေမိသည်။ သူမက အနားသို့ ဖြည်းညှင်းစွာတိုးလာကာ ဗီးချဲလေးနံဘေး၌ ပုဆစ်တုပ် ထိုင်ချလိုက်သည်။ ပါမောက္ခကြီး၏ ခြေအစုံကို နဖူးဖြင့် ပွတ်တိုက်၏။ ထို့နောက် မျက်ရည်ဥတို့ လိမ့်ဆင်း သွယ်ကျလာကာ ... ငိုရှိုက်သံ တစ်ဝက်ဖြင့် ပြောလေ၏။

"သမီးက သမီးက ... မမ ပိတောက်ဝါ ချစ်သလိုပဲ ... ဖေဖေ့ကို ချစ်တာပါ။ သွေးမတော် သားမစပ်ဆိုပေမယ့် မမပိတောက်ဝါ အချစ်ထက် မလျော့ဘူးဆိုတာတော့ ... သမီး သစ္စာဆိုရဲပါတယ် ဖေဖေ ...။ သမီးမှာ အပြစ်တစ်စုံတစ်ရာရှိရင်လည်း ခွင့်လွှတ်ပါ ..."

သူမက ပါမောက္ခကြီးကို ပုဆစ်တုတ်ထိုင်လျက် ရှိခိုးကန်တော့နေဆဲ ...။ ပါမောက္ခကြီးမှာ အလိမ်အညာ အမိခံရသည့် ကလေးတစ်ယောက်ပမာ ရှက်ဒေါသတို့ဖြင့် မွန်ထူဆူဝုန်နေ၏။ ထို့နောက် သူမ၏ ဆံနွယ်များကို ဆောင့်ဆွဲဖယ်ရှားကာ လည်ကုပ်ပေါ်က တစ်စုံတစ်ရာကို စမ်းသပ်ရှာဖွေလေ၏။ တွေ့သည်နှင့် အံဝှက်ကလစ်လေးကို ဆွဲဖွင့်လိုက်တော့သည်။

သူမ၏ လည်ကုပ်မှ အချက်ပြ မီးနီကလေး မှိတ်တုတ်မှိတ်တုတ် လင်းဖြာကာ စာတန်းများ ပေါ်လာတော့သည်။

ကုမ္ပဏီ ... လောကနိဗ္ဗာန်

မော်ဒယ်ပုံစံ ... ရိုဘော့မြန်မာ ၂ဝ၂၈

စက်ရုံထုတ်အမှတ်စဉ် ၂၆၃၇၉၂၉၈၇

ပြာႈရမ်းကာလ ... သုံးနှစ်

# ၄

ငုဝါက ဖြစ်ကြောင်းကုန်စင် အကုန်ရှင်းပြ တောင်းပန်သော်လည်း ပါမောက္ခကြီးက လက်မခံ။ ငုဝါကို သူ့အနားပင် အကပ်မခံတော့ ...။

"သွား ... သွားစမ်း ... စက်ရုပ်မ။ ဟို ပိတောက်ဝါဆိုတဲ့ အမိုက်မက သူ့လင်နဲ့ နေချင်လို့ ငါ့ကို စက်ရုပ်နဲ့ လိမ်ညာထားပစ်ခဲ့တဲ့ ဇာတ်လမ်းပဲ။ နင်တို့နှစ်ယောက် မရှိလည်း ငါဘဝနဲ့ငါ ... ရတယ် ..."

"ဖေဖေရယ် ... သမီးတို့ကို ခွင့်လွှတ်ပါ။ မလွှဲသာမရှောင်သာလို့ သမီးတို့ လိမ်ညာခဲ့ကြရတာပါ ..."

"ကောင်မ နင် ငါ့ကို အဖေလို့ မခေါ်နဲ့။ နင်က စက်ရုပ်။ ဟို စက်ရုပ် မဟုတ်တဲ့ ငါ့သမီး လူသားအစစ်အမှန်တောင် ငါ့အပေါ်မေတ္တာ အတုအယောင်နဲ့ လိမ်ညာနေခဲ့သေးတာ နင့်လို စက်ရုပ်မက ..."

"ဘဘရယ် ... သမီးကို ဆူချင်ဆူ ၊ ဆဲချင်ဆဲပါ။ မမ ပိတောက်ဝါ ကတော့ ဘဘ ထင်သလို မဟုတ်ပါဘူး။ သူ့ ယောကျ်ား နိုင်ငံခြားထွက် သွားတော့ သူ့မှာ ကိုယ်ဝန်တစ်လနဲ့ ကျန်ရစ်ခဲ့တာပါ။ ဘဘကို အချိန်ရ သမျှ ပြုစုမယ်ဆိုပြီး နေခဲ့ရာက နောက်ဆုံးမှာ ကြံမိကြံရာ သမီးကို ငှား ခဲ့တာပါ။ မီးဖွားဖို့နဲ့ ကလေးကို ပြုစုပျိုးထောင်ဖို့ဆိုတာ မိခင်ဖခင် အရင်းတို့နှင့်သာ အသင့်တော်ဆုံး မဟုတ်လား ဘဘရယ် ..."

ထိုစဉ် ... အိမ်ရှေ့မှ ကားဟွန်းသံ ကြားရလေ၏။

ပါမောက္ခကြီးအား ရုံးမှ လာကြိုသော ကားပင်။

ငုဝါက "သမီး အဝတ်အစား လဲပေးမယ်နော် အဘ" ဟု ဆိုသည်ကို ပင် သူ ဂရုမစိုက်။ ငုဝါ ယုယတွဲချီသည်ကိုလည်း သူ လက်မခံ။

အဝတ်အစားလည်း မလဲ။ သူ့တုတ်ကောက်ကို သူ လှမ်းယူအားပြုကာ ဝိုးချဲပေါ်မှ သူ ရုန်းထ မတ်တတ်ရပ်လိုက်၏။ လဲပြိုမလို ဖြစ်သွားသဖြင့် လက်တွဲကူသော ငုဝါကို သူ တွန်းလွှတ်၏။

ပါမောက္ခ အဘိုးအိုသည် သူ့တုတ်ကောက်ထဲတွင် သူ့ မာန်မာနအား ကို ထည့်ကာ ရုံးကြိုကားသို့ ကယိုင်ကထိုး လျှောက်လှမ်းသွားလေ၏။ ငုဝါက အနားမှ ကပ်လိုက်လာသော်လည်း ပါမောက္ခကြီးကို မထိမကိုင်ရဲ။ ကားနားရောက်မှ ကားနောက်ခန်း တံခါးကို ဆွဲဖွင့်ပေးရသည်။

ကားထွက်ခါနီး ငုဝါက မျက်ရည်ကြားမှ ပြုံးပြကာ ထုံးစံအတိုင်း လက်ပြ နှုတ်ဆက်ရှာသည်။ ထိုအဖြစ်ကို ပါမောက္ခကြီး မမြင်ခဲ့ပေ။ တစ်ဖက်သို့ မျက်နှာလွှဲနေသောကြောင့် ဖြစ်ပါ၏။

# ၅

ဖေဖေရုံးက ပြန်လာလျှင် ကြိုနေကျ နေရာလေးမှပင် ငုဝါကြို နေသည်။ ခြံဝင်ပေါက်ရှေ့ ပိတောက်ပင်ကြီးအောက်တွင် ခုံတန်းအဖြူ ကလေးတစ်ခုရှိသည်။ ဖေဖေက ရုံးကားပေါ်က ဆင်းလျှင် ဆင်းချင်း အိမ်အတွင်းသို့ တန်းဝင်လေ့မရှိ။ ထိုခုံတန်းလျား အဖြူလေးပေါ်၌ သားအဖနှစ်ယောက် အတူထိုင်ကြသေးသည်။ ဖေဖေက ပိတောက်ဖူး စိမ်းစိမ်းများကို မော့ကြည့်ကာ ပိတောက်ခက်များကြားမှ အိပ်တန်းပြန် ငှက်ကလေးများ၏ ကျည်ကျည်ကျာကျာ အသံကို နားထောင်ကာ တစ်နေ့တာ ပင်ပန်းနွမ်းနယ်ခဲ့သမျှ အမောဖြေလေ့ရှိသည်။ “ဘာပဲပြော ပြော ငါ့သမီးမျက်နှာကို မြင်လိုက်တော့မှ အမောပြေတာပါ” ဟုလည်း ဖေဖေ ပြောလေ့ရှိခဲ့ပါသည်။

အခုတော့ ပါမောက္ခကြီးမှာ ရုံးချိန်လွန်၍ ပြန်နေကျအချိန်ကို ကျော်

လွန်လာသည့်တိုင် ပြန်မလာသေးပါ။ ပိတောက်ပင်ကြီးဆီသို့ အိပ်တန်း ပြန်ငှက်ကလေးများ ဆိုက်ရောက်လာကြပြီဖြစ်သော်လည်း ပါမောက္ခ ကြီး ဆိုက်ရောက်မလာသေးပါ။ ပိတောက်ပင်ကြီး၏နံဘေး ငုဝါပင် ကလေးကတော့ နွေဦးပေါ်စမှာပင် အပွင့်တွေ ထိန်ထိန်ဝါကာ သစ္စာရှိ စွာ ပွင့်လို့နေကြပါပြီ။ ဖေဖေတစ်ယောက်ကတော့ ပိတောက်ပင် အောက်မှာ ပိတောက်ပွင့်နီးနှင့် မျှော်ကိုးကာ ငုဝါပင်ကို ရှိသည်ဟုပင် မ ထင်ခဲ့ပါ။

နေဝင်ဖြိုးဖျ အချိန်ရောက်မှ ပါမောက္ခကြီးကို ကြိုပို့သောကားက ဆိုက်ရောက်လာ၏။ ငုဝါက အသင့်ယူလာသော ဗိုးချဲလေးကို ဖေဖေ့ ကားနား အပြေးတွန်းသွားကာ ကားတံခါးကို အလိုက်သင့် ဖွင့်ပေးလေ သည်။

ပါမောက္ခကြီးသည် သူ့တုတ်ကောက်ကိုပင် သူ အသုံးပြု၍ ကားပေါ် က ဆင်းလိုက်သည်။ ငုဝါ စီစဉ်ပေးသော ဗိုးချဲပေါ်သို့ မတက်ခဲ့။ ကား ဆရာက ငုဝါကို နှုတ်ဆက်ကာ ထွက်ခွာသွားခဲ့လေပြီ။ ငုဝါက တုတ် ကောက်တစ်ချောင်းနှင့် ကယိုင်ကထိုး လျှောက်လှမ်းနေသော ပါမောက္ခ ကြီး နံဘေးမှ အသာကပ်လိုက်ရသည်။ ချော်လဲမည်စိုးသော်လည်း မတွဲ မကိုင် မထိရဲ ...

ပါမောက္ခကြီးက သူ့ထုံးစံအတိုင်း ခုံတန်းလျားဖြူကလေးထံသို့ လျှောက်သွားကာ ထိုင်ချလိုက်သည်။ ထို့နောက် ပိတောက်ဖူး စိမ်းစိမ်း ကလေးများကို အတန်ကြာ မော့ကြည့်နေရင်းမှ စကားတစ်ခွန်း စတင် ပြောသည်။

“ငါ့သမီး ပိတောက်ဝါကို နင်တို့ အလိမ်အရှုပ် ဇာတ်ထုပ်တွေ ငါသိ သွားတဲ့အကြောင်း ပြောပြလိုက်ပြီလား ငုဝါ”

“ဟင့်အင်း … ဟင့်အင်း။ မပြောဖြစ်ဘူး ဘဘ”

“မမဝါ သိသွားရင် ဘဘ စိတ်မကောင်းဖြစ်သလို သူလဲဖြစ်တော့မှာမို့ သမီးမပြောတော့ဘူးလို့ ဆုံးဖြတ်လိုက်တာပါ …”

ငုဝါသည် ပါမောက္ခကြီး သူ့ကို စတင်စကားပြောလာသဖြင့် လှိုက်လှဲဝမ်းသာနေပုံရ၏။ လိမ္မာသိတတ်သော လူသားတစ်ယောက်လည်း ဤသို့ပင် ဆုံးဖြတ်မည်ဖြစ်ကြောင်း လူသားမဟုတ်သော စက်ရုပ် မငုဝါ သိချင်မှ သိပေမည်။ မည်သို့ဆိုစေ … ငုဝါစကားကြောင့် ပါမောက္ခကြီးမှာ စိတ်ချမ်းမြေ့သွားပုံရပါ၏။ အိုမင်း ရင့်ရော်နေသော ပါမောက္ခကြီး၏ မျက်နှာပြင်ဝယ် ခွင့်လွှတ်နားလည်ခြင်း သံယောဇဉ် နွယ်ပင်လေးတစ်ပင် ရစ်ငင်ညွန့်ဖူး လွန့်လူးစိမ်းမြလာလေ၏။ ပါမောက္ခကြီးသည် မလှမ်းမကမ်းမှ နွေ၏ သစ္စာထိန်ထိန်ဝါပွင့်နေသော ငုဝါပင်ကလေးကို ငေးကြည့်နေမိရာမှ …

“အေး … အေး…။ ပိတောက်ဝါကို မပြောတာ ငါ့သမီးလိမ္မာတယ်။ သူ့မှာလည်း လင်ယောကျ်ားနဲ့ သားသမီးငယ်နဲ့လေ။ ငါကပဲ ခွင့်လွှတ်နားလည်ပေးရတော့မှာပေ့ါ။ ပြီးတော့ ငါ့သမီး ငုဝါရှိရင်လည်း ငါ့ဘဝဟာ ပြည့်စုံနေတာပဲ။ တကယ်တော့ ရိုဘော့စက်ရုပ်တွေ အစားထိုးတယ်ဆိုတာ ခေတ်ကာလကိုက တောင်းဆိုလာတဲ့ အမှန်တရားပဲ။ ဒီကနေ့ ရုံးမှာ စက်ရုပ်တွေရဲ့ အခွင့်အရေးကို အကန့်အသတ်နဲ့ ခွင့်ပြုဖို့ ဖေဖေ သဘောထားမှတ်ချက်ပေးခဲ့ပါပြီကွယ်။ ရော့ … ဒီစာချုပ်ကို ဖတ်ကြည့်စမ်း … သမီး …”

ငုဝါက ပါမောက္ခကြီး ပေးသော စာချုပ်ကို လှမ်းယူဖတ်ကြည့်နေ၏။ ဖတ်ကြည့်နေရင်း ငုဝါ၏ မျက်ဝန်းအိမ်မှ မျက်ရည်စမ်းတွေက လမ်းရှာလို့ သွယ်ကျလာပြန်သည်။ စာချုပ်မှာ ပါမောက္ခကြီးနှင့် လောကနိဗ္ဗာန်

ကုမ္ပဏီကြီးတို့ ယနေ့ပင် ချုပ်ဆိုခဲ့ကြသော စာချုပ်ဖြစ်ပါ၏။

ဝယ်ယူသူ - ဦးမနုဿတ္တာသစ္စာ

(အငြိမ်းစား ပါမောက္ခ)

မော်ဒယ်ပုံစံ - ရိုဘော့ မြန်မာ ၂၀၂၈

စက်ရုံထုတ်အမှတ်စဉ် - ၂၆၃၇၉၂၉၈၇

ငှားရမ်း သို့မဟုတ်

ဝယ်ယူခြင်း - အပြီးအပိုင် ဝယ်ယူခြင်း။

*